ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန


ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ညောင်ဦးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )




## တတိယနှစ်စီမံကိန်းစက်ဝန်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan ( VDP )

## ရွာလုကျေးရွာ၊ ထီးပုအုပ်စု

၂၀၁၇ - ခုနှစ်

ညောင်ဦးမြို့

<u>မာတိကာ</u>

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ညောင်ဦးမြို့နယ်လူထုဗဟိုပြု စီမံကိန်း



# ထီးပု ကျေးရွာ အုပ်စု


မ


မှန်တော
ကြို့ပင်သာ
ရွာလု
ကောင်းညို
ဖြူထွား
ဆင်လူးအိုင်
ဒဟတ်ကန်
ထီးပု
ချမ်းလို
ရည်ညွှန်းချက်
ကျေးရွာ အုပ်စု
ကျေးရွာ
ကားလမ်း
အုပ်စု နယ်နိမိတ်

## ထီးပု အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ထီးပု

၂။ ကြို့ပင်သာ

၃။ ကောင်းညို

၄။ မှန်တော

၅။ ရွာလု

၆။ ဆင်လူးအိုင်

၇။ ဖြူထွား

၈။ ဂျမ်းလိုး

၉။ ဒဟာတ်ကန်

# ရွာလုကျေးရွာ သမိုင်းကြောင်း သုံးသပ်ချက်

ရွာလုကျေးရွာ　　　ထိုးပု အုပ်စု　　　ရက်စွဲ ၊ ၇.၃.၂၀၁၆

ရွာလု ကျေးရွာသည် ၁၉၈၄ ခုနှစ် တွင် စာသင်ကျောင်း မရှိသဖြင့် တခြားရွာသို့ သွား၍ ကျောင်းတက်ခဲ့ရပါသည် ။ မိုးကြီးတဲ့ နေများတွင် ကလေးများ ချောင်းကူးရာတွင် အခက်အခဲ ဖြစ်ခဲ့ရပြီး လူကြီးများကလည်း လိုက်မပို့နိုင် ၊ မကြိုနိုင်သဖြင့် ဒုက္ခရောက်ခဲ့ရပါသည် ။ ၁၉၈၉ ခုနှစ်တွင် အစာရေစာ ရှားပါးမှုများ ကြုံတွေ့ခဲ့ရပါသည် ။ ဆန်မဝယ်နိုင်သောကြောင့် ထမင်းပင် မစားရပါ ။ ဒေသထွက် ပြောင်းဖူး စေ့များ နှင့် အသီးအရွက်များကို စားရပြီး ရေလည်း လုံလောက်စွာ မရရှိခြင်းများ ဖြစ်ခဲ့ရပါသည် ။ ရှိတာ လေးတွေကို ခြွေတာစားခဲ့ရပြီး ( ၈ ) မိုင်အကွာထိ ရေသွားခပ်ခဲ့ရပါသည် ။ ၂၀၀၃ ခုနှစ်တွင် အ.မ.က. ခွဲ ကို ကျေးရွာလူထု လုပ်အားဖြင့် ပူးပေါင်း ဆောက်လုပ်ခဲ့သည်ကို တွေ့ရှိရပါသည် ။ ၂၀၁၂ ခုနှစ်တွင် သဘာဝ ဘေးအန္တရာယ် လေမုန်းတိုင်းကျရောက်ခဲ့ပြီး လူနေအိမ် ( ၆ ) လုံး ပျက်စီးခဲ့ရပြီး လူတွေလည်း လွတ်အောင် ပြေးထွက်ခဲ့ရပါသည် ။ ကျေးရွာလူထု မှ ဝိုင်းဝန်းပြီး ပြန်လည် ထူထောင် လုပ်ဆောင်ပေးခဲ့ ကြသည်ကို တွေ့ရှိရပါသည် ။ ရွာလုကျေးရွာ၏ သမိုင်းကြောင်း ဖြေရှင်းပုံများကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာလူထုများ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ကျေးရွာသည် လွန်ခဲ့သော နှစ်များစွာ ကတည်းက ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စုပေါင်း တက်ကြွစွာ လုပ် ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာလူထုသည် ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို ကျေးရွာလူထုများ စုပေါင်း၍ ကိုယ်ထူ ကိုယ်ထ လုပ်ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။

# လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

## (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social map, Resource map) | 30.9.2017 | ကျေးရွာသူ၊ ကျေးရွာသား၊ ကော်မတီဝင်များ | 26 | 22 | 48 | ကျေးရွာနယ်နိမိတ်အကွက်ဖြင့် အိမ်ခြေ၊ လယ်မြေ၊ စိုက်ခင်း၊ ဘုရားပုထိုးများစသော ကျေးရွာ၏ယခုလက်ရှိအခြေအနေနှင့် ပိုင်ဆိုင်မှုပြအခြေအနေများကို ရေးဆွဲဖော်ထုတ်ပါသည်။ |
| ၂။ | ရာသီဥတုပြပြက္ခဒိန် (Seasonal calendar) | 30.9.2017 | ကျေးရွာသူ၊ ကျေးရွာသား ကော်မတီဝင်များ | 6 | 5 | 11 | ရာသီဥတုနှင့်စိုက်ပျိုးသီးနှံများ လယ်ယာလုပ်ငန်း၊ ဈေးမြို့ရေး လုပ်ငန်းများ၊ ဝမ်းစာရှားပါးမှု နှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | 1.10.2017 | အမျိုးသားအုပ်စု အမျိုးသမီးအုပ်စု | 27 | 23 | 50 | ကျေးရွာသူ၊ ကျေးရွာသားများမှ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများကို ညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄။ | ပြဿနာသစ်ပင် (Problem Tree) | 1.10.2017 | ကျေးရွာသူ ကျေးရွာသားများ၊ ကော်မတီဝင်များ | 27 | 23 | 50 | ကျေးရွာသူ၊ ကျေးရွာသားအများစု ရွေးချယ်ခဲ့သော စီမံကိန်း လုပ်ငန်းခွဲများ၏ အကျိုး၊ အကြောင်း ဆက်စပ်မှုများကို ပြဿနာသစ်ပင်ရေးဆွဲ၍ ခွဲခြမ်းစိတ်ဖြာခဲ့ကြသည်။ |

လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅။ | အဖွဲ့အစည်းအချိတ်အဆက်ပြပုံစံ (Venn Diagram) | 30.9.2017 | ကျေးရွာသူ၊ ကျေးရွာသားများ ကော်မတီဝင်များ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | 9 | 5 | 14 | ကျေးရွာအတွင်းတွင်ရှိနေသော လူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင်ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၆။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | 30.9.2017 | ချမ်းသာ၊ သင့်တင့်၊ ပြေလည်၊ နွမ်းပါး၊ ထိခိုက်လွယ်အုပ်စုများ | 26 | 22 | 48 | ကျေးရွာအတွင်းရှိလူများအကြား ငွေကြေး၊ ပစ္စည်း၊ ဥစ္စာဓနအစ အားပိုင်ဆိုင်မှု အဆင့်ခွဲခြားမှု သတ်ခြင်းဖြင့် ကျေးရွာအတွက်လို အပ်သည့်ဝင်ငွေရရှိရေးစီမံ ချက်များကိုထည့်သွင်းစဉ်း စားနိုင်ရန် ဆွေးနွေးခဲ့ကြသည်။ |
| ၇။ | ကျား/မ အခန်းကဏ္ဍပြပင့်ကူအိမ်ပုံစံ (Spider Web) | 30.9.2017 | ကျေးရွာသူ၊ ကျေးရွာသားများ အမျိုးသားအုပ်စု အမျိုးသမီးအုပ်စုများ | 12 | 9 | 21 | အမျိုးသားနှင့်အမျိုးသမီးများ အကြား အလုပ်အကိုင်အခွင့် အလမ်း၊ တန်းတူအခွင့်အရေး ပညာသင်ကြားနိုင်မှု၊ ဘဝရပ် တည်မှုစသည့်အခြေအနေ အရပ် ရပ်ကိုဆွေးနွေးခဲ့ကြသည်။ |



ရေကန်
မီးတိုင်

# လူမှုရေး/အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ရွာလုကျေးရွာ　　　　ထီးပု အုပ်စု　　　　ရက်စွဲ ၊ ၇.၃.၂၀၁၆

ရွာလုကျေးရွာ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို သုံးသပ်ခြင်းအားဖြင့် ကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ၅၁ ) ရှိကြောင်း သိရပါသည် ။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ ၊ စေတီ ၊ ဘုန်းကြီးကျောင်း နှင့် စာသင်ကျောင်းများ ရှိသည်ကို တွေ့ရှိရပါသည် ။ တောင်ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ နှင့် သဲချောင်း ရှိသည်ကို တွေ့ရှိရပါသည် ။ အနောက်ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ နှင့် ရေကန် တည်ရှိသည်ကို တွေ့ရှိရပါသည် ။ မြောက်ဘက်ပိုင်းတွင် ထန်းတောများ ၊ ဗျတ္တလမ်းမကြီး နှင့် စက်ရေတွင်း တည်ရှိပါသည် ။ သဘာဝအရင်းအမြစ်များ အနေဖြင့် ယာခင်းများ ၊ ထန်းပင် နှင့် မကျည်းပင်များ တွေ့ရှိရသောကြောင့် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးခြင်း ထန်းတက်သော အလုပ် မကျည်းရွက် ၊ သီးများကို လုပ်ကိုင် စားသောက် နိုင်ကြောင်းကို သုံးသပ်မိပါသည် ။ ရွာ၏တောင်ဘက်ပိုင်းတွင် သဲချောင်းရှိသည်ကို တွေ့ရှိရပါသည် ။ ထိုသဲချောင်းမှ သဲများကို ရွာသားများ အသုံးချနိုင်ကြောင်း သုံးသပ်မိပါသည် ။ ကျေးရွာ၏ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို ဆွဲခြင်းအားဖြင့် ကျေးရွာသူ / သားများသည် ကျေးရွာ၏ လိုအပ်ချက်များ ၊ လက်ရှိ အခြေအနေ နှင့် ကျေးရွာတွင် ရှိနေပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို သိရှိလာကြပါသည်။အချုပ်အားဖြင့်ဆိုရသော် ကျေးရွာတွင်မီးမရရှိခြင်း ၊ သောက်သုံးရေ ခက်ခဲခြင်း ၊ အလုပ်အကိုင် ရှားပါးနေခြင်း နှင့် ငွေ နည်းပါးနေခြင်းများ လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

# နေ့ဥစ္စာပိုင်ဆိုင်မှုခွဲခြားသတ်မှတ်ပုံဇယား

ကျေးရွာ - ရွာလှကျေးရွာ၊ ထီးပုအုပ်စု

ရက်စွဲ - ၃၀.၆.၂၀၁၇

| စဉ် | အုပ်စု | ခွဲခြားသတ်မှတ်ပုံ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | အပြေလည်ဆုံးအုပ်စု | ယာမြေ (၁၀) ဧကနှင့်အထက်၊ နွား (၁) ရှဉ်း၊ သွပ်မိုးတိုက်အိမ်၊ ဆိုင်ကယ်၊ မြည်း၊ ဝမ်းစာမျှလုံ | ၁၀ | ၁၉.၆၁% |
| ၂။ | အသင့်အတင့်ပြေလည်သော အုပ်စု | ယာမြေ (၅) ဧကအောက်၊ နွား (၁) ရှဉ်း၊ မြည်း၊ ဆိုင်ကယ်၊ သွပ်မိုးထရံကာအိမ်၊ ဝမ်းစာမျှလုံ | ၁၂ | ၂၃.၅၃% |
| ၃။ | မပြေလည်သောအုပ်စု | သွပ်မိုးထရံကာအိမ်၊ ယာမြေမရှိ၊ နွား (၁) ကောင်၊ လက်လုပ်လက်စား၊ ဝမ်းစာမလုံ | ၁၀ | ၁၉.၆၁% |
| ၄။ | နွမ်းပါးသောအုပ်စု | ထန်းရွက်မိုးထရံရွက်ကာအိမ်၊ လက်လုပ်လက်စား၊ ဝမ်းစာမလုံ | ၁၆ | ၃၁.၃၇% |
| ၅။ | ထိခိုက်လွယ်အုပ်စု | သက်ကြီးရွယ်အို၊ ဒုက္ခိတ၊ မသန်စွမ်း | ၃ | ၅.၈၈% |
| | စုစုပေါင်း | – | ၅၁ | ၁၀၀% |

# ဓနဥစ္စာပိုင်ဆိုင်မှု ခွဲခြားသတ်မှတ်ခြင်း သုံးသပ်ချက်

ကျေးရွာ- ရွာလုကျေးရွာ၊ ထီးပုအုပ်စု

ရွာလုကျေးရွာတွင် ဓနဥစ္စာပိုင်ဆိုင်ခြင်းပုံစံကို သုံးသပ်ကြည့်ရာတွင်-

(၁) အပြေလည်ဆုံးသောအုပ်စုတွင် ယာမြေ (၇)ဧကနှင့်အထက်၊ မြည်း၊ နွား (၁)ရှဉ်း၊ သွပ်မိုးတိုက်အိမ်၊ ဆိုင်ကယ် စသည်တို့ကို ပိုင်ဆိုင်ကြပြီး ဝမ်းစာအားဖြင့် ဖူလုံသည်ကိုတွေ့ရှိရသည်။ အိမ်ထောင်စုအားဖြင့် (၁၀)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၉.၆၁) ရှိသည်။

(၂) အသင့်အတင့်ပြေလည်သောအုပ်စုတွင် ယာမြေ (၇)ဧကအောက်၊ နွား (၁)ရှဉ်း၊ မြည်း၊ သွပ်မိုးထရံကာအိမ်၊ ဆိုင်ကယ်တို့ကို ပိုင်ဆိုင်ကြပြီး ဝမ်းစာအားဖြင့် ဖူလုံသည်ကိုတွေ့ရှိရသည်။ အိမ်ထောင်စုအားဖြင့် (၁၂)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၂၃.၅၃)ရှိသည်။

(၃) မပြေလည်သောအုပ်စုတွင် ယာမြေမရှိပါ။ သွပ်မိုးထရံကာအိမ်၊ နွား (၁)ကောင်သာပိုင်ကြပြီး ဝမ်းစာအားဖြင့် မဖူလုံသော လက်လုပ်လက်စားများဖြစ်ကြသည်ကိုတွေ့ရှိရသည်။ အိမ်ထောင်စုအားဖြင့် (၁၀)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၉.၆၁)ရှိသည်။


(၄) နွမ်းပါးသောအုပ်စုတွင်လည်း ယာမြေမရှိကြပါ။ ထန်းရွက်မိုး ထန်းရွက်ကာအိမ်တို့ဖြင့် နေထိုင်ကြရပြီး ဝမ်းစာမဖူလုံသော လက်လုပ်လက်စားများဖြစ်ကြသည်ကိုတွေ့ရှိရသည်။ အိမ်ထောင်စုအားဖြင့် (၁၆)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၃၁.၃၇)ရှိသည်။

(၅) ထိရှလွယ်သောအုပ်စုတွင် မသန်စွမ်းနှင့် သက်ကြီးရွယ်အိုနှင့် ဂေဟမဲ့များဖြစ်ကြသည်။ အိမ်ထောင်စုအားဖြင့် (၃)စုခန့်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၅.၈၈)ရှိသည်ကိုတွေ့ရှိရသည်။

# အဖွဲ့အစည်းအချိတ်အဆက်ပြကားချပ်

ကျေးရွာ ။ ရွာလှကျေးရွာ၊ ထီးပုအုပ်စု

ရက်စွဲ - 30.9.2017




ပါဝင်ဆွေးနွေးသူ ။ ကျေးရွာလူထု

# အဖွဲ့အစည်းအချိတ်အဆက်ပြကားချပ်သုံးသပ်ချက်

ကျေးရွာ - ရွာလုကျေးရွာ၊ ထီးပုအုပ်စု

ရွာလုကျေးရွာ၏ အဖွဲ့အစည်း အချိတ်အဆက်ပြကားချပ်ကို သုံးသပ်ကြည့်ရာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာ၏ အကြီးဆုံးနှင့် ဩဇာအရှိဆုံး ဖြစ်သည်ကို တွေ့ရှိရသည်။ အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့သည်လည်း ကျေးရွာအတွက် အရေးပါသော အဖွဲ့များ ဖြစ်ကြသလို အုပ်ချုပ်ရေးအဖွဲ့နှင့်လည်း ချိတ်ဆက်မှုရှိသည်ကို တွေ့ရှိရသည်။ ထို့အပြင် လူထုဗဟိုပြုအဖွဲ့သည်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျပြီး အရေးပါသော အဖွဲ့ဖြစ်ပြီး အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်မှုရှိသည်ကို တွေ့ရှိရပါသည်။


ကျောင်းကော်မတီနှင့် ရေကော်မတီ အဖွဲ့များသည်လည်း အသီးသီးတည်ရှိနေသည်ကို တွေ့ရှိရပါသည်။ ပရဟိတအဖွဲ့၊ နာရေးကူညီမှုအဖွဲ့နှင့် မီးသတ်အဖွဲ့များလည်း ရွာလုကျေးရွာတွင် အသီးသီးရှိနေပြီး ၎င်းအဖွဲ့များသည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်မှုရှိနေသည်။ Plan အဖွဲ့သည် အုပ်ချုပ်ရေး၊ အမျိုးသားအဖွဲ့များနှင့် ချိတ်ဆက်မှုရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ရွာလုကျေးရွာတွင် အဖွဲ့အစည်း အကြီး၊ အသေး အသီးသီးရှိနေကြပြီး ၎င်းအဖွဲ့အားလုံးသည် အုပ်ချုပ်ရေးအဖွဲ့နှင့် အနည်းနှင့်အများ ဆိုသလို ချိတ်ဆက်မှုရှိသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင် အင်အားအကြီးမားဆုံးနှင့် ဩဇာအရှိဆုံး ပုံစံကိုဖော်ပြမှုရှိသည်။ အခြားအဖွဲ့အစည်းများသည်လည်း အခြေအနေပေါ် မူတည်၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်သွားကြရန် လိုအပ်ပါလိမ့်မည်ဖြစ်သည်။

ထီးပုံအုပ်စု- ရွာလုံကျေးရွာ

# ရာသီခွင်ပြက္ခဒိန်

ရက်စွဲ - 30.9.2017



# ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ချက်

ကျေးရွာ - ရွာလုကျေးရွာ၊ ထီးပုံအုပ်စု

ရွာလုကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်ကို သုံးသပ်ကြည့်ရာတွင် -

၁။ တန်ခူးလတွင် သင်္ကြန်ပွဲတော်ကို ကျင်းပကြပြီး သီတင်းကျွတ်လတွင် ကျေးရွာဘုရားပွဲကို ဆင်နွှဲကြသည်။

၂။ ကျန်းမာရေးနှင့်ပတ်သက်ပြီး မိုးရာသီတွင် ဖျားနာခြင်းကို အများဆုံး ခံစားကြရသည်ကို တွေ့ရှိရသည်။

၃။ လမ်းပန်းဆက်သွယ်ရေး အနေနှင့် မိုးအကုန်တွင် အနည်းငယ် ပျက်စီးနိုင်ပြီး အခြားလများတွင် အခက်အခဲမှု မရှိပေ။

၄။ ထန်းတက်ခြင်းလုပ်ငန်းကို တပို့တွဲလမှ စတင်လုပ်ကိုင်ကြရပြီး တန်ခူး၊ ကဆုန်လများတွင် ဖြိုင်ဖြိုင် လုပ်ကိုင်ကြရသည်။

၅။ စိုက်ပျိုးရေးလုပ်ငန်းကို ကဆုန်လမှ တော်သလင်းလအထိ (၅)လ တိုင်တိုင် လုပ်ကိုင်ကြရသည်။

၆။ မြေပဲ၊ ပဲစိမ်းငုံ တို့ကို တန်ဆောင်မုန်းလမှ တပေါင်းလအထိ ရိတ်သိမ်းကြရသည်

၇။ တန်ဆောင်မုန်းလမှစ၍ ဝင်ငွေ ရရှိကြပြီး တခူး၊ ကဆုန်၊ နယုန် လများတွင် အနည်းငယ်သာ တွေ့ရှိရသည်။


၈။ မန်ကျီးလုပ်ငန်းသည်လည်း ဝင်ငွေရ လုပ်ငန်းတစ်ခုဖြစ်သလို ပြာသို၊ တပို့တွဲ တပေါင်းလများတွင် ဆွတ်ခူးကြသည်ကို တွေ့ရှိရသည်။

# အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား


ကျေးရွာ - ရွာလုကျေးရွာ၊ ထီးပုဒုပ်ရ

ရက်စွဲ - ၃၀.၉.၂၀၁၇

## အရင်းအမြစ်သုံးစွဲမှုပြဇယား




## အရင်းအမြစ်ထိန်းချုပ်မှုပြဇယား



# အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယားသုံးသပ်ချက်

ကျေးရွာ - ရွာလုကျေးရွာ၊ ထီးပုအုပ်စု

ရွာလုကျေးရွာ၏ အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုဇယား အရ - ယာမြေ၊ ထွန်စက်၊ ကား၊ လှည်း၊ နွား စသည်တို့ကို အမျိုးသားများမှ အများဆုံး အသုံးပြုကြပြီး၊ အမျိုးသမီးများအနေဖြင့် အပ်ချုပ်စက် တစ်ခုတည်းကိုသာ အသုံးပြုသည်ကို တွေ့ရှိရသည်။ မန်ကျည်း၊ ရေကန်၊ ဆိုင်ကယ်၊ သစ်တော၊ လမ်း စသည်တို့ကို အမျိုးသား၊ အမျိုးသမီး (၂)ဦးစလုံး အသုံးပြုကြသည်ကို တွေ့ရှိရသည်။


အရင်းအမြစ်များကို ထိန်းချုပ်ရာတွင်လည်း ယာမြေ၊ ကား၊ ထွန်စက်၊ လှည်း၊ နွား၊ ဆိုင်ကယ်၊ မန်ကျည်း စသည်တို့ကို အမျိုးသားများကသာ အများဆုံး ထိန်းချုပ်ကြသည်ကို တွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် အရင်းအမြစ်များကို အသုံးပြုရာတွင်လည်းကောင်း၊ ထိန်းချုပ်ရာတွင်လည်းကောင်း အမျိုးသားများကသာ အရာရာတွင် ထိန်းချုပ်လွှမ်းမိုးချုပ်ကိုင်ထားသည်ဟု သုံးသပ်မိသည်။

## ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ်

ကျေးရွာ - ရွာလယ်ကျေးရွာ

ရက်စွဲ- ၃၀.၁.၂၀၁၇




အမျိုးသား -

အမျိုးသမီး -

# ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ် သုံးသပ်ချက်


ကျေးရွာ - ရွာလုကျေးရွာ၊ ထီးပုဒ်ဥပဓိ

ရွာလုကျေးရွာ ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ်ပုံ၏ တွေ့ရှိချက်အရ အိမ်မှုကိစ္စလုပ်ငန်းတွင် အမျိုးသမီးများ အဓိက လုပ်ကိုင်ကြရပြီး အမျိုးသားများနှင့် ကွာဟချက်ဖြင့် များလွန်းသည်ကို တွေ့ရှိရသည်။ ပညာရေးနှင့်လက်လှမ်းမီမှုတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူ တွေ့ရှိရပြီး အလယ်အလတ် အခြေအနေတွင် တည်ရှိနေသည်ကို တွေ့ရှိရသည်။ ကျန်းမာရေးဝန်ဆောင်မှုရရှိခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းတို့တွင်လည်း အမျိုးသားများက အမျိုးသမီးများထက်သာလွန်နေသည်ကို တွေ့ရှိရသည်။ ထို့အပြင် ဝင်ငွေရှာဖွေနိုင်မှု၊ ခေါင်းဆောင်မှု၊ ပူးပေါင်းပါဝင်မှုနှင့် ပိုင်ဆိုင်မှုထိန်းချုပ်ခြင်းတို့တွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက် အနည်းငယ်ဖြင့် အများဆိုသလို သာလွန်နေသည်ကို တွေ့ရှိရပြန်သည်။

အချုပ်အားဖြင့်ဆိုရသော် အိမ်မှုကိစ္စမှလွဲ၍ အခြားကိစ္စရပ်များတွင် အမျိုးသားများသည် အမျိုးသမီးများထက်သာလွန်နေသည်ကို တွေ့ရှိရသည့်အတွက် အမျိုးသမီးများ အနေဖြင့် အမျိုးသားများနည်းတူ ပူးပေါင်းပါဝင်လုပ်ကိုင်ဆောင်ရွက်ကြဖို့လိုအပ်သလို အမျိုးသားများမှလည်း အတူလက်တွဲ ခေါ်ဆောင်သွားသင့်သည်ဟု သုံးသပ်မိပါသည်။

# ပြဿနာသစ်ပင်

ရွာလုံကျေးရွာ - ထီးပုံအုပ်စု ရက်စွဲ - 1.10.2017



# ပြဿနာသစ်ပင်သုံးသပ်ချက်

ကျေးရွာ - ရွာလှကျေးရွာ၊ ထီးပုဒ်ရပ်ရှိ

အခက်အခဲပြဿနာ - လမ်းများမကောင်းခြင်း

ရွာလှကျေးရွာ၏ အဓိက အခက်အခဲပြဿနာမှာ လမ်းများမကောင်းခြင်း အခက်အခဲဖြစ်သည်ကို တွေ့ရှိရသည်။ လမ်းများမကောင်းခြင်း အခက်အခဲကို ဖြစ်ပေါ်စေကြောင်းတရားများမှာ ရွာတွင်းလမ်းများ ရေတိုက်စားခြင်း၊ ရေကန်သို့သွားသည့်လမ်းများ မကောင်းခြင်း၊ လမ်းများကျဉ်းမြောင်းခြင်း၊ သဲထူခြင်း၊ ထိန်းသိမ်းမှုအားနည်းခြင်း၊ ချောင်းတိုက်စားခြင်း၊ ရေကန်သို့သွားရာလမ်းတွင် ချောင်းဖြတ်နေခြင်းစသည်တို့ဖြစ်သည်။

လမ်းများမကောင်းခြင်းကြောင့် သွားလာရေးတွင် အချိန်ကြာမြင့်ခြင်း၊ ခက်ခဲမှုရှိခြင်း၊ ယာဉ်နှင့်တိရစ္ဆာန်များ ထိခိုက်မှုဖြစ်နိုင်ခြင်း၊ ရေသယ်ယူရာတွင် ခက်ခဲခြင်း၊ ကျေးရွာဖွံ့ဖြိုးမှုနောက်ကျခြင်းစသည့် အကျိုးဆက်တို့ကိုဖြစ်ပေါ်စေသည်။

ထို့ကြောင့် ပြဿနာ၏အကျိုးဆက်များကို လျော့ချနိုင်ရန် ပြဿနာ၏ အခက်အခဲကိုဖြစ်ပေါ်စေသော အကြောင်းအရင်းခံများကို ထိန်းချုပ်ဖြေရှင်းရမည်ဖြစ်ပါသည်။ ထိုသို့ထိန်းချုပ်နိုင်ရန် လမ်းများကို ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင် လုပ်ကိုင်ဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ သို့မှသာ လမ်းများမကောင်းခြင်း အခက်အခဲကို အထိုက်အလျောက် လျော့ချနိုင်မည်ဖြစ်ပါသည်။

ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး/တာဝန် | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးဖျိုးချစ် | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | ရွာလှ | |
| ၂ | ဒေါ်ရွှေပို | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | 〃 | |
| ၃ | ဦးမောင်စော | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | 09-776437925 |
| ၄ | ဒေါ်ခင်မြို | မှတ်တမ်းထိန်း | 〃 | 09-790565827 |
| ၅ | ဦးပြုဝင်း | အဖွဲ့ဝင် | 〃 | |
| ၆ | ဦးကံကောင်း | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ | 〃 | |
| ၇ | ဒေါ်တွေး သိန်း | အဖွဲ့ဝင် | 〃 | 09-33582913 |
| ၈ | | အဖွဲ့ဝင် | 〃 | |
| ၉ | ဦးညွန့်ဝင်း | လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | |
| ၁၀ | ဒေါ်နွဲ့နွဲ့ဝင်း | အဖွဲ့ဝင် | 〃 | |
| ၁၁ | | အဖွဲ့ဝင် | 〃 | |
| ၁၂ | ဦးစိုးဝင်း | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | 09-792770295 |
| ၁၃ | ဒေါ်မာမာဌေး | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | 09-426801414 |
| ၁၄ | ဦးကျော် | စေတနာ့ဝန်ထမ်း | 〃 | |
| ၁၅ | ဒေါ်ခင်ဌေးဝင်း | စေတနာ့ဝန်ထမ်း | 〃 | 09-765777261 |
| ၁၆ | ဦးတိုးအောင် | ကျေးရွာစာရင်းကိုင် | 〃 | 09-796443526 |

# ကော်မတီဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်*။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးခင်မောင်ညို | 09-798091257 | ဦးမြင့်ကြိုင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မန္တလေး | ညောင်ဦး | ထီးပု | ရွာလှ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ------------ | ၅၁ | ဘာသာ (၁) ------------ | ၅၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား-၃ ၊ မ-၂ = ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၁၇ ၊ မ-၁၈ = ၃၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | ၁၂၃ | ၁၃၀ | ၂၅၃ |
| လူမျိုးစု (၁)---------- | | | |
| လူမျိုးစု (၂)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၄၅ | ၆ | ၅၁ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် -(မူလ-ခွဲ) | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* - အရံသားဖွား | | | *မှတ်ချက်* | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည် / (မရှိပါ) / မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/ မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--1.6-- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------15. မိနစ်------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်------15. မိနစ်------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) Plan Myanmar

(၂) ----------------------------------

(၉) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် - ဦးခင်မောင်ညို

လက်မှတ် [signature] နေ့စွဲ - 30.9.2017

လူထုစည်းရုံးရေးမှူး

အမည် - ဦးမြင့်ကြိုင်

လက်မှတ် - [signature] နေ့စွဲ - 30.9.2017

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမြင့်ကြိုင် | | | |
| နေ့စွဲ - 1.10.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - မန္တလေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - ထီးပု | ကျေးရွာ - ဘုလှ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 30.9.2017 | 30.9.2017 | 26 | 22 | 48 | 48 ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 1.10.2017 | 1.10.2017 | 27 | 23 | 50 | 50 \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 9.10.2017 | 9.10.2017 | 26 | 12 | 38 | 38 \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 23.11.2017 | 23.11.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စိမ်ကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၇.၄။ အစည်းအဝေး စတုတ္ထအကြိမ် | | | | | | |
| ၇.၅။ အစည်းအဝေး ပဉ္စမအကြိမ် | | | | | | |
| ၈။ စိမ်ကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမြင့်ကြိုင် | | | |
| နေ့စွဲ - 1.10.2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) | ☐ စက်ဝန်း(၁)<br>☑ စက်ဝန်း(၃) | ☐ စက်ဝန်း(၂)<br>☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - မန္တလေး | မြို့နယ် - တံတားဦး | ကျေးရွာအုပ်စု - တီးပု | ကျေးရွာ - ရွာလှ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မြေသားရေကန်သို့ သွားရန် လမ်းမကောင်းခြင်း အခက်အခဲ | ၁ | အစည်းအဝေးပြုလုပ်ရန် နေရာမရှိခြင်း အခက်အခဲ |
| ၂ | စာသင်ကျောင်းခြံစည်းရိုး မလုံခြုံခြင်း အခက်အခဲ | ၂ | မြေသားရေကန်သို့ သွားလာရာတွင် လမ်းမကောင်းခြင်း အခက်အခဲ |
| ၃ | အစည်းအဝေးပြုလုပ်ရန် ခန်းမဆောင် မရှိခြင်း အခက်အခဲ | ၃ | စာသင်ကျောင်းခြံစည်းရိုး မလုံခြုံသည့် အခက်အခဲ |
| ၄ | ဆရာ/ဆရာမ နားနေဆောင် မရှိခြင်း အခက်အခဲ | ၄ | ဆရာ/ဆရာမ နားနေဆောင် မရှိခြင်း အခက်အခဲ |
| ၅ | ကျောင်းသားများ ကျောင်းသို့ သွားလာရာတွင် လမ်းမကောင်းခြင်း အခက်အခဲ | ၅ | ကျန်းမာရေးဆေးပေးခန်း၊ ဆရာမ၊ ရေသန့်ရေကန် မရှိခြင်း အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | တစ်ရွာလုံး လမ်းများကောင်းမွန်ရန် | ၁ | တစ်ရွာလုံး လျှပ်စစ်မီး ရရှိရန် |
| ၂ | တစ်ရွာလုံး လျှပ်စစ်မီး ရရှိရန် | ၂ | ပညာရေးကို အဆင့်မြှင့်ရန် (မူလတန်းမှ မူလတန်းလွန်အဆင့်) |
| ၃ | မြေသားရေကန် တိုးချဲ့တူးဖော်ရန် | ၃ | မိမိတို့ရွာ ရေလုံလောက်စွာ ရရှိရန် |
| ၄ | တစ်ရွာလုံး သောက်သုံးရေ ပေးပို့ရန် | ၄ | အစည်းအဝေးပြုလုပ်ရန် အဆောက်အဦ ရရှိရန် |
| ၅ | ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေး ရေသန့်ဘူးကား ရရှိရန် | ၅ | ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဆရာမ ရရှိရန် |

... လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | မြေသားရေကန်သို့ သွားသည့် လမ်းမြှင့်ခြင်း | ကျား + မ | ၇၀၀၀၀၀၀ ကျပ် | ၂၅၃ |
| ၂ | တာဘောင်ကျောင်း ခြံစည်းရိုး | ကျား + မ | ၃၂၀၀၀၀၀ ကျပ် | " |
| ၃ | စက်ရေတွင်း တူးဖော်ခြင်း (ရေစက်ခု + ရေကန်တစ်ကန်) | ကျား | ၃၀၀၀၀၀၀ ကျပ် | " |
| ၄ | ရွာချင်းဆက်လမ်း ခင်းခြင်း | ကျား | ၁၅၀၀၀၀၀ ကျပ် | " |
| ၅ | ကျေးရွာခန်းမ ဆောက် | ကျား + မ | ၁၈၀၀၀၀၀ ကျပ် | " |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ပန်းရံ၊ လက်သမား သင်တန်း | အမျိုးသား | |
| ၂ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၃ | မွေးမြူရေး ချေးငွေ | အမျိုးသား+အမျိုးသမီး | |
| ၄ | စိုက်ပျိုးရေး ချေးငွေ/နည်းပညာ | အမျိုးသား+အမျိုးသမီး | |
| ၅ | ပြုပြင်[illegible] | အမျိုးသား+အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည်၊ ဦးမျိုးချစ် လက်မှတ်၊ [signature] နေ့စွဲ 1.10.2017

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | |
|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဦးမြင့်ကြိုင် | | |
| နေ့စွဲ - ၇.10.2017 | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - မကွေး | မြို့နယ် - ဆောချီ | ကျေးရွာအုပ်စု - ဘိုးပု |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ကောင်းညို | ကွန်ကရစ်လမ်းခင်းခြင်း | ၇၀၀'x၁၂'x၇'' | ၁၀၇၀ (ဦး) | ☐ ကျား ☐ မ ☑ ကျား+မ | ၁၄၀၀၀၀၀၀ိ | | | | |
| မြို့ထွား | အင်္ဂတေကျောက်ဖြင့်မိုးလင်းရေနုတ်မြောင်း (မိုးကြိုးမိုးတိုင်သွယ်ခြင်း) | (35hp)(20kVA) (38)တိုင် (၆၄၀') | ၅၀၆ (ဦး) | ☐ ကျား ☐ မ ☑ ကျား+မ | ၁၅၀၀၀၀၀၀ိ | | | | |
| ကြို့ပင်သာ | အင်္ဂတေကျောက်ဖြင့်စီးလင်းရေ (မိုးကြိုးမိုးတိုင်သွယ်တန်းခြင်း) | 35hp,20kVA (39)တိုင် | ၅၈၈(ဦး) | ☐ ကျား ☐ မ ☑ ကျား+မ | ၁၅၀၀၀၀၀၀ိ | | | | |
| ဂျမ်းလှိုး | အင်္ဂတေကျောက်ဖြင့်စီးလင်းခြင်း (မိုးကြိုး+မိုးတိုင် သွယ်တန်းခြင်း) | | ၅၀၉(ဦး) | ☐ ကျား ☐ မ ☑ ကျား+မ | ၁၄၇၀၀၀၀၀ိ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည်၊ ဦးအောင်လွင် လက်မှတ်၊ ........ ရက်စွဲ၊ ၇.10.2017

# ပထမအကြိမ် ကျေးရွာ အစည်းအဝေး မှတ်တမ်း
## (တတိယ အစီအစဉ်ကာလ)

အစည်းအဝေး ကျင်းပသည့်နေရာ - - ရွာပုကျေးရွာ၊ တီးပုဒ်ဒေ

အစည်းအဝေး ကျင်းပသည့်ရက်စွဲ - - ၃၀.၉.၂၀၁၇

အစည်းအဝေး ကျင်းပသည့်အချိန် - - (၉း၀၀) နာရီ (နံနက်)

အစည်းအဝေး တက်ရောက်သူ - - - (၄၈) ဦး

(က) ဆွေးနွေးဆောင်ရွက်ချက်များ

အစည်းအဝေးကို အောက်ပါအစီအစဉ်များ ဖြင့် ဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။

အစီအစဉ်(၁) အရ ကျေးရွာ ရာအိမ်မှူး ဦးခင်မောင်ညိုမှ - အဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် ဆောင်ရွက်ရာတွင် ကျေးရွာလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အရေးကြီးကြောင်း ..၊ လူထုပိုင်မြေစီမံကိန်း အားလည်း ကျေးရွာ တည်ဆောက်ပါကြောင်းနှင့် စီမံကိန်းကြီး အားလည်း (၄)နှစ်မက အကွန်ပြည့်စွာ တည်တံ့စေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

အစီအစဉ်အရ အစည်းအဝေး မလေးမြေ (လှုပ်ရှား)ခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်း၏ အကြောင်းကို လူထုသို့ ... ဖြင့် ကြိုတင်မှ ရှင်းလင်း ပြောကြားခဲ့ပါသည်။

ထို့နောက် စီမံကိန်း စတင်ချိန်၊ လည်ပတ်ပုံ အကြောင်းကို ... မဒုဘာ့ဦး ဒေါ်မြိုင်လေးလေးဆောင်မှ အသေးစိတ် ဆွေးနွေး ပြောကြားခဲ့ပါသည်။ ရုပ်ပုံ ဆောက်ပုံ ... ပုံစံ ကို ... ဖြင့် ကြိုတင်မှ ရှင်းလင်း ပြောကြားခဲ့ပြီး အကျိုးဝင်၊ အကျိုးမဝင် ဘာသာလုပ်ငန်းများ၊ အကာအကွယ်များနှင့် လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးနှင့်

ပတ်သက်သည့် အကြောင်းများကို ဒေါ်မြိုးဝေဝေ ထံမှ ဆက်လက် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စိမ့်ကန်နိုးတွင် တောင်ရန်၊ ကျောင်းရန်များ၊ ကျူး၊ မရေးရာနှင့် ပတ်သက်သည်များ၊ လေယန်အကြံပြုလိုကြောင်း ပြောကြားရေးဆိုင် အကြောင်းစသည်တို့ကိုလည်း ဦးမြင့်ကြိုင်မှ ဖွင့်လင်း ပြောကြားခဲ့ပါသည်။

ကျေးရွာ စေတနာ့ဝန်ထမ်း ရွေးချယ်ပြီး စေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများ အကြောင်းကို ဦးမြင့်ကြိုင်မှ ဖွင့်လင်း ပြောကြားခဲ့ပြီး စေတနာ့ဝန်ထမ်း ရွေးချယ်ရာတွင် ကျေးရွာလူထုမှ ယုံကြည်စွာတင် တာဝန်ထမ်းဆောင်ခဲ့သော ဦးကျော်ဖြိုးနှင့် ဒေါ်ခင်ငွေ့ဝေဝေး တို့ကိုပဲ ဆက်လက်ရွေးချယ်ခဲ့ကြသည်။

ထို့နောက် လူထုပူးပေါင်း ပါဝင်သော လူမှုအခြေခံ လုပ်ငန်းစဉ်များ ဖြစ်သော လူမှုရေး အရေးအခင်း ဖြစ်ပွားမှုပုံ ရေးဆွဲခြင်း၊ ရာသီဥတုပြောင်းလဲမှု ပြက္ခဒိန် ရေးဆွဲခြင်း၊ ပရိုဖိုင်ပုံစံ ရေးဆွဲခြင်း၊ အဖွဲ့အစည်း အချိတ်အဆက်ပြ ကားချပ်ပြုလုပ် ဆွေးနွေးခြင်း၊ ကျား/မ ပိုင်ဆိုင်မှုပြ ခွဲခြမ်းစိတ်ဖြာခြင်း စသည်တို့ကို ယခင်နှစ်တွင် ပြုလုပ်ဆွေးနွေးခဲ့သည့် အချက်များနှင့် အခြေခံနှိုင်းယှဉ်၍ ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

(၃) အစည်းအဝေးဆုံးဖြတ်ချက်

၁။ ကျေးရွာစေတနာ့ဝန်ထမ်းများအဖြစ် ဦးကျော်ဖြိုးနှင့် ဒေါ်ခင်ငွေ့ဝေဝေး တို့ကို ဆက်လက်တာဝန်ထမ်းဆောင်ရန် အများသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးကို (၁၂း၁၅) နေ့လယ်ပိုင်းတွင် ရုပ်သိမ်းခဲ့ကြသည်။

[signature]

မှတ်တမ်းတင်သူ - ဦးမြင့်ကြိုင်
(လူထုစည်းရုံးရေးမှူး)
(CDD သောင်ဦး)

## ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး မှတ်တမ်း

## (တတိယနေ့ မနက်ပိုင်း)

အစည်းအဝေးကျင်းပသည့်နေရာ ။ ရွာလူကျေးရွာ၊ ထီးပူရပ်စု

အစည်းအဝေးကျင်းပသည့်ရက်စွဲ ။ ၁.၁၀.၂၀၁၇

အစည်းအဝေးကျင်းပသည့်အချိန် ။ (၁၂း၃၀) နာရီ

အစည်းအဝေးတက်ရောက်သူဦးရေ ။ (၅၀) ဦး

(က) ဆွေးနွေးဆောင်ရွက်ချက်များ

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို အောက်ပါ အစီအစဉ်များဖြင့် ဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။

အစီအစဉ် (၁) အရ ပထမနေ့တွင် ဆွေးနွေးခဲ့သည်များကို အကျဉ်းချုပ်ပြန်လည်ဆွေးနွေးခြင်းကို ပရောဂျက်စည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

ထို့နောက် ရွာလူကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့၏ အခက်အခဲများ၊ မျှော်မှန်းချက်များကို အမျိုးသားတစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ ခွဲ၍ အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြသည်။ ၎င်းအခက်အခဲများကို အဖြေရှာ၍ ပြဿနာသစ်ပင်ရေးဆွဲပြီး ရွာလူကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်ကို အောက်ပါအတိုင်း ရေးဆွဲဖော်ထုတ်ခဲ့ကြသည်။

စီးပွားရေး (၁) လမ်းပြုပြင်ခြင်း (မြေသားရေကန်သို့သွားသည့်လမ်း)

(၂) စာသင်ကျောင်း ခြံစည်းရိုး ခတ်ခြင်း

(၃) စက်ရေတွင်း တူးဖော်ခြင်း

(၄) ရွာချင်းဆက်လမ်း ပြုပြင်ခြင်း

ဆက်လက်၍ ကျေးရွာစီ/ထောက်ကော်မတီ ဖွဲ့စည်းနိုင်ရန် ကော်မတီမဖွဲ့စည်းမီ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ကျေးရွာ၏ ထောက်ကော်မတီ ဖွဲ့စည်းရာတွင် ကျေးရွာ၏ ထောက်ခေါင်းဆောင်တာဝန်ကို ယခင်ဖြစ်က တာဝန်ထမ်းဆောင်ခဲ့သော ဦးမျိုးချစ်ဖြင့် ဒေါ်ရွှေပိုတို့ကိုပဲ ထပ်မံရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဝယ်ယာရေးဆပ်ကော်မတီတွင်လည်း ယခင်ဖြစ်က တာဝန်ထမ်းဆောင်ခဲ့သော ဦးအောင်စော ဦးမြဝင်းဖြင့် ဒေါ်ခင်မြို့တို့ကိုပဲ ဆက်လက်ရွေးချယ်ခဲ့ကြပြီး ဝယ်ယာရေးခေါင်းဆောင်အဖြစ် ဦးအောင်စောကိုပဲ ဆက်လက်တာဝန်ပေးအပ်ခဲ့ကြသည်။

စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ အတွက် ဦးအောင်ငယ်မှာ ကျေးရွာတွင် အမြဲတမ်းမနေနိုင်တော့သောကြောင့် ၎င်းနေရာတွင် ဦးကံကောင်းကို အစားထိုးရွေးချယ်ခဲ့ကြပြီး ယခင်ဖြစ်က တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ထွေးသိန်းကိုလည်း ဆက်လက်ရွေးချယ်ခဲ့ကြသည်။

လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီတွင် ယခင်ဖြစ်က တာဝန်ထမ်းဆောင်ခဲ့သော ဦးညွန့်ဝင်းဖြင့် ဒေါ်နွဲ့နွဲ့ဝင်းတို့ကို ဆက်လက်ရွေးချယ်ခဲ့ကြပြီး ဦးညွန့်ဝင်းအား လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့ကြပြန်သည်။

စေတနာကြီးမား ကိုယ်စားလှယ်များအဖြစ် ယခင်ဖြစ်က တာဝန်ထမ်းဆောင်ခဲ့သော ဦးစိုးဝင်းဖြင့် ဒေါ်မာမာဈေးတို့ကိုပဲ ဆက်လက်ရွေးချယ်ခဲ့ကြသည်။

ကျေးရွာငွေစာရင်းကိုင် အဖြစ် ယခင်ဖြစ်က တာဝန်ထမ်းဆောင်ခဲ့သော ဦးအောင်ရိုးမှာ ခရီးထွက်နေခြင်း၊ ရွာတွင် အမြဲတမ်း မရှိနိုင်ခြင်းတို့ကြောင့် ၎င်း၏နေရာတွင် ပထမနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဦးတိုးအောင်ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ကော်မတီဝင်အသီးသီးမှလည်း ၎င်းတို့၏တာဝန်များကို ထမ်းဆောင်နိုင်ပါကြောင်း သဘောတူညီခဲ့ကြသည်။

(ဍ) အစည်းအဝေးဆုံးဖြတ်ချက်

(၁) ရွာလူကျေးရွာ၏ ဦးစားပေး လုပ်ငန်းအစီအစဉ်များကို အောက်ပါအတိုင်း ရေးဆွဲဆုံးဖြတ်ခဲ့ကြသည်။

| ဦးစားပေး | စီမံကိန်းလုပ်ငန်းခွဲအမည် | အဆိုပြုသူ |
|---|---|---|
| ၁ | လမ်းပြုပြင်ခြင်း | ကျား+မ |
| ၂ | စာသင်ကျောင်းခြံစည်းရိုးကာခြင်း | ကျား+မ |
| ၃ | စက်ရေတွင်းတူးဖော်ခြင်း | ကျား |
| ၄ | ရွာချင်းဆက်လမ်းပြုပြင်ခြင်း | ကျား |

(၂) ရွာရှေ့ကျေးရွာ၏ ကျေးရွာစီ/ထောက် ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။

ကျေးရွာစီ/ထောက်ခေါင်းဆောင် - (၁) ဦးမျိုးချစ်
(၂) ဒေါ်ရွှေပို

ဝယ်ယူရေးဆပ်ကော်မတီ - (၁) ဦးအောင်ဇော (ခေါင်းဆောင်)
(၂) ဦးမြဝင်း (အဖွဲ့ဝင်)
(၃) ဒေါ်ခင်မြို (အဖွဲ့ဝင်)

စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ - (၁) ဦးကံကောင်း (ခေါင်းဆောင်)
(၂) ဒေါ်ထွေးသိန်း (အဖွဲ့ဝင်)

လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ - (၁) ဦးညွန့်ဝင်း (ခေါင်းဆောင်)
(၂) ဒေါ်နွဲ့နွဲ့ဝင်း (အဖွဲ့ဝင်)

ဝေဖန်အကြံပြုကိုယ်စားလှယ် - (၁) ဦးစိုးဝင်း
(၂) ဒေါ်တာမာဌေး

ကျေးရွာငွေစာရင်းကိုင် - (၁) ဦးတိုးအောင်

စေတနာ့ဝန်ထမ်း - (၁) ဦးကျော်
(၂) ဒေါ်ခင်ဌေးဝင်း

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို (၁း၃၀) နာရီတွင် ရုတ်သိမ်းခဲ့ကြသည်။

(signature)

မှတ်တမ်းတင်သူ - ဦးမြင့်ကြိုင်
မှုထူးစည်းရုံးရေးမှူး
(၄.ဍ.ဍ. ညောင်ကြီး)

ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | လမ်းပြုပြင်ခြင်း (ရေကန်သို့သွား) | ကျား + မ | 10/17 | ကျေးရွာလူထု | |
| | ၂ | စက်ရေတွင်းတူးဖော်ခြင်း | ကျား | 10/2017 | 〃 | |
| | ၃ | ရွာချင်းဆက်လမ်း ခင်းခြင်း | ကျား | 10/2017 | 〃 | |
| | ၄ | ကျေးရွာခန်းမဆောင် | ကျား+မ | 10/2017 | 〃 | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | ပန်းရံလက်သမား သင်တန်း | ကျား | 10/2017 | | |
| | ၂ | စက်ချုပ်သင်တန်း | မ | 10/2017 | | |
| | ၃ | မွေးမြူရေး ချေးငွေ | ကျား+ မ | 10/2017 | | |
| | ၄ | စိုက်ပျိုးရေးချေးငွေ / နည်းပညာ | ကျား+ မ | 10/2017 | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | စာသင်ကျောင်း ခြံစည်းရိုး | ကျား+မ | 10/2017 | ကျေးရွာလူထု | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | လျှပ်စစ်မီး ရရှိရေး | ကျား+မ | 10/2017 | | |
| | ၂ | | | | | |
| | ၃ | | | | | |